**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍သတင်းထုတ်ပြန်ခြင်း**

**(၂၇-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော COVID-19 ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီး ဌာနမှ ထုတ်ပြန်ထားသော COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး COVID-19 ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူး ဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်**လိုအပ်ပါသည်။

COVID-19 သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား COVID-19 ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ် စစ်ဆေး ခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၆-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း **(၁၇,၇၂၅)** ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၂၈၂)ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် **ယနေ့ အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၇.၂) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၂၆၀,၉၅၉)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၅၉,၄၃၆) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၈၆၆) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၁၃,၈၂၁)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၅၆) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၇,၅၈၃) ဦး ရှိပါသည်။

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

## (၂၇-၉-၂၀၂၁) ရက်နေ့ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၂၀)ခု | (၈)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့်ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၄)ခု | (၁၂)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၅၅)ခု | (၂၉)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၃)ခု | - |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၄၉)ခု | (၇)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၈၇)ခု | (၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၆၇)ခု | (၁၀၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၅,၂၇၀)ခု | (၁၁၁၈)ဦး |
| စုစုပေါင်း | (၁၇,၇၂၅)ခု | (၁,၂၈၂)ဦး |

## လွန်ခဲ့သော(၂၁) ရက်အတွင်း COVID-19 ဓာတ်ခွဲစစ်ဆေးမှုနှင့်

## အတည်ပြုလူနာသစ်တွေ့ရှိမှုအခြေအနေ (၅-၉-၂၀၂၁ မှ ၂၅-၉-၂၀၂၁) ရက်နေ့အထိ

| ရက်စွဲ | ဓာတ်ခွဲနမူနာ စုစုပေါင်း | ဓာတ်ခွဲအတည်ပြု လူနာစုစုပေါင်း | ပျမ်းမျှရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း |
|---|---|---|---|
| (၅-၉-၂၀၂၁ မှ ၁၁-၉-၂၀၂၁) (Epi Week-36) | ၁၇၉,၂၂၆ | ၁၇,၂၉၃ | ၉.၇% |
| (၁၂-၉-၂၀၂၁ မှ ၁၈-၉-၂၀၂၁) (Epi Week-37) | ၁၅၈,၁၄၆ | ၁၄,၉၉၁ | ၉.၅% |
| (၁၉-၉-၂၀၂၁ မှ ၂၅-၉-၂၀၂၁) (Epi Week-38) | ၁၃၃,၂၈၂ | ၁၁,၇၄၉ | ၈.၈% |

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်း အခြေအနေများအား စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အပတ်စဉ်(၃၆)၊ အပတ်စဉ်(၃၇) နှင့် အပတ်စဉ်(၃၈) အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၇၉,၂၂၆)ခု၊ (၁၅၈,၁၄၆)ခုနှင့် (၁၃၃,၂၈၂)ခုတို့ အသီးသီး စစ်ဆေးနိုင်ခဲ့ပြီး ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၇,၂၉၃)ဦး၊ (၁၄,၉၉၁)ဦးနှင့် (၁၁,၇၄၉)ဦးစီ တွေ့ရှိခဲ့သဖြင့် ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုမှာ လျော့နည်းလာခဲ့ပြီး ပျမ်းမျှရောဂါပိုးတွေ့ရှိမှုနှုန်းမှာ (၉.၇) ရာခိုင်နှုန်း၊ (၉.၅) ရာခိုင်နှုန်း နှင့် (၈.၈) ရာခိုင်နှုန်းတို့ဖြစ်၍ ပျမ်းမျှရောဂါပိုး တွေ့ရှိမှုနှုန်းလည်း လျော့နည်းလာကြောင်းတွေ့ရှိရပါသည်။ ထိုသို့ ရောဂါကူးစက်မှု လျော့နည်းလာရခြင်းမှာ ကျန်းမာရေးဝန်ကြီးဌာန၏ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထု၏ အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့်ဖြစ်သဖြင့် ပြည်သူလူထုအနေဖြင့် မိမိတို့ ကဏ္ဍအလိုက် COVID-19 ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ယခုထက် ပိုမို ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- COVID-19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။